# မြန်မာနိုင်ငံသားများဘဏ်လီမိတက်

# MYANMAR CITIZENS BANK LTD.

DATE: ၁၁.၅.၂၀၁၇

## အစုရှယ်ယာရှင်များသို့အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက်(၂၅)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို ၈.၇.၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးအား ဘဏ်၏သင်းဖွဲ့စည်းမျဉ်း၊သင်းဖွဲ့မှတ်တမ်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ရာ သင်းဖွဲ့စည်းမျဉ်း အပိုဒ်(၈၉)၊(၉၀)၊(၉၁)ပါ အတိုင်း နှုတ်ထွက်သွား၍လစ်လပ်သွားသော ဒါရိုက်တာများနေရာတွင် အစားထိုးပြန်လည်ရွေးချယ်ရမည်ဖြစ်ပါသည်။

၂။ ပြန်လည်ရွေးချယ်ခံမည့် ဒါရိုက်တာအဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့ အထွေထွေအစည်းအဝေးမကျင်းပမီကြိုတင်ပေးပို့တင်ပြရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ဘဏ်တွင်စာရင်းဆက်လက်တည်ရှိနေသောအစုရှယ်ယာရှင် (Special Account Holder) များနှင့် Yangon Stock Exchange (YSX)တွင် အရောင်းအဝယ်ပြုလုပ်ရန် စာရင်းဖွင့်ထားသူများ (Securities Account Holder)များအနက် ၆.၆.၂၀၁၇(Record Day)တွင် ကျပ်၅၀,၀၀,၀၀၀/(ကျပ်ငါးဆယ်သိန်း) နှင့်အထက်ပိုင်ဆိုင်သူ ရှယ်ယာရှင်လူပုဂ္ဂိုလ်များနှင့် ကျပ်၁၀၀,၀၀,၀၀၀/(ကျပ်တစ်ရာသိန်း)နှင့် အထက်ပိုင်ဆိုင်ထားသော အဖွဲ့အစည်း/ကုမ္ပဏီများအနေဖြင့် ဒါရိုက်တာအဖြစ်ဝင်ရောက် ရွေးချယ်ခံလိုပါက (၉.၆.၂၀၁၇)ရက်နေ့(၁၆း၃၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံသားများဘဏ် အမှတ်(၃၈၃) မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်၍ အဆိုပြုလွှာလျှောက်ထားပါရန် အသိပေးအကြောင်းကြား အပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည့်ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁) မှ (၈) အထိဖော်ပြထားသည့် အရည်အချင်းများနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။

၄။ အဆိုပြုလွှာဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊လိုင်စင်ဓါတ်ပုံ(၁)ပုံ နှင့် အစုရှယ်ယာပိုင်ဆိုင်မှု အထောက်အထားများတစ်ပါတည်းယူဆောင်လာပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပမည့် အချိန်နှင့်နေရာကို ထပ်မံကြေညာမည် ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ (ဖုန်းနံပတ်-၀၁-၂၄၅၉၃၂၊ ၀၁-၃၇၇၄၆၃၊ ၀၉-၅၄၀၉၁၇၃)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့အမိန့်အရ

(မြင့်ဝင်း၊အုပ်ချုပ်မှုဒါရိုက်တာ)

No.383, Mahabandoola Street, Kyauktada Township, Yangon, Myanmar.
Tel : +095-01-245936, 245938. Fax : 095-01-245932, 391454. P.O. Box : 262. Cable Address : MYANCIBANK.
E-mail : admin@mcb.com.mm Website : http://www.mcb.com.mm